**ချက်ချင်း ထုတ်ပြန်ရန်**

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များမှ စုပေါင်း အရေးယူမှု ပြုလုပ်ရန် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ Acting Resident and Humanitarian Coordinator မစ္စတာ အင်ဒရူး ကာ့ဒ်ဝုဒ်၏ တောင်းဆိုချက်ကို မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများက ကြိုဆိုလိုက်သည်

[၂၀၂၁ ခုနှစ် မတ်လ ၂၂ ရက်နေ့] ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ Acting Resident and Humanitarian Coordinator မစ္စတာ အင်ဒရူး ကာ့ဒ်ဝုဒ်၏ "လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ စုပေါင်း အရေးယူမှု" လုပ်ဆောင်ရန် တောင်းဆိုမှု မှတ်ချက်ပြုခြင်းကို ရှေ့ပြေးအသံအဖွဲ့နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများက ကြိုဆိုလိုက်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအပေါ် ကျူးလွန်မှုများကို အပြစ်ပေးအရေးယူခံရခြင်း လုံးဝ မရှိဘဲ လုပ်ဆောင်နေသော သေစေလောက်သည့် အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် တရားမဝင် စစ်အုပ်စုမှ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအပေါ် လုပ်ဆောင်နေသည့် ခြိမ်းခြောက်သော လှုပ်ရှားမှုကို ရပ်တန့်ရန် ထိရောက်သော စောင့်ကြည့်ရေးနှင့် ကြားဝင်ဖြေရှင်းရေး မစ်ရှင်တစ်ခုကို မြန်မာနိုင်ငံသို့ ချက်ချင်း စေလွှတ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံ မိမိတို့၏ တောင်းဆိုချက်ကို ထပ်မံ တောင်းဆိုလိုက်သည်။

၂၀၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် မစ္စတာ ကာ့ဒ်ဝုဒ်က ကုလသမဂ္ဂ သတင်းမီဒီယာများအား အကျဉ်းချုပ် တင်ပြရာတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ စုပေါင်း အရေးယူရန်အတွက် ပြောကြားချက်သည် အရပ်ဘက်လူထု အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ ထင်ဟပ်နေပြီး "ပြည်သူတွေက ပိတ်ဆို့အရေးယူမှုလိုမျိုး ခိုင်မာတဲ့ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်ပွင့်လင်းလင်းပြောရရင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (Peacekeeper) တွေကို တွေ့မြင်လိုတာ ဖြစ်တယ်.... ကျနော်တို့ လိုအပ်နေတာက အဖွဲ့ဝင်နိုင်ငံရဲ့ အရေးယူဆောင်ရွက်မှုနဲ့ လုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ စုပေါင်း အရေးယူမှု ဖြစ်ပါတယ်။" ဟု မစ္စတာ ကာ့ဒ်ဝုဒ်က ပြောသည်။

"ကျမတို့အနေနဲ့ မြန်မာနိုင်ငံ ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ အင်ဒရူးကာ့ဒ်ဝုဒ်ရဲ့ မြေပြင်အခြေအနေကို ထင်ဟပ်တဲ့ မှတ်ချက်ချမှုနဲ့ လုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်နိုင်ငံတွေက ပူးပေါင်း အရေးယူမှုတွေ လုပ်ဆောင်ဖို့အတွက် တောင်းဆိုတာကို ကြိုဆိုပါတယ်။ မစ္စတာ ကာ့ဒ်ဝုဒ်က မြေပြင်အခြေအနေဟာ အလွန်ကြောက်မက်ဖွယ်ကောင်းပြီး "ပိုမိုဆိုးရွားလာနိုင်သလို အထိန်းအကွပ်မရှိ ဖြစ်သွားနိုင်တယ်။" လို့ သေသေချာချာ ထည့်သွင်းပြောဆိုသွားခဲ့ပါတယ်။ မြန်မာစစ်တပ်နဲ့ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့တွေဟာ ရာနှင့်ချီတဲ့ ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို သတ်ဖြတ်ခဲ့ပြီး လူသားမျိုးနွယ်အပေါ် ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို အပြစ်ပေး အရေးယူခံရခြင်းမရှိဘဲ ကျူးလွန်နေတဲ့အချိန်မှာ

နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်မှုမရှိဘဲ လှုပ်ရှားမှု ကင်းမဲ့နေတာဟာ ဘယ်လိုမှ လက်သင့်ခံနိုင်စရာ မရှိဘူး။" ဟု ရှေ့ပြေးအသံအဖွဲ့ (PV) မှ ဒေါ်ခင်ဥမ္မာက ပြောသည်။

စစ်အုပ်စုမှ ငြိမ်းချမ်းစွာဆန္ဒပြနေသူများအပေါ် တိုက်ခိုက်နေမှုများ ရပ်တန့်ရန်၊ နောက်ထပ် သွေးထွက်သံယိုဖြစ်မှုနှင့် အသက်သေဆုံးရမှုများကို ကာကွယ်တားဆီးရန် နှင့် မတရားဖမ်းဆီးထားသူ အားလုံးကို ပြန်လွှတ်ပေးရန်အတွက် ထိရောက်မှုရှိသော စောင့်ကြည့်ရေးနှင့် ကြားဝင်ဖြေရှင်းရေး မစ်ရှင်တစ်ရပ်ကို မြန်မာနိုင်ငံသို့ ချက်ချင်းစေလွှတ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို မြန်မာ အရပ်ဘက်လူထုအဖွဲ့အစည်း ၅၀၀ နီးပါးက အကြိမ်ကြိမ် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် ၎င်းတို့မှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်းများ ပိတ်ဆို့အရေးမှုကို အရေးပေါ် ပူးပေါင်းချမှတ်ရန်နှင့် စစ်အုပ်စုမှ ၎င်းတို့ ကျူးလွန်ခဲ့သော၊ ဆက်လက် ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်လှသည့် ရာဇဝတ်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရန်အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာ ရာဇဝတ်တရားရုံး (International Criminal Court - ICC) သို့ လွှဲပြောင်းရန်လည်း အရေးတကြီး တောင်းဆိုခဲ့ကြသည်။

ထို့အပြင် မစ္စတာ ကာ့ဒ်ဝုဒ်က သတင်းမီဒီယာများကို ပြောကြားရာတွင် "အစားအစာ တဖြည်းဖြည်း ရှားပါးလာနေသည့် အကြပ်အတည်း" က မြန်မာနိုင်ငံတွင် ကျရောက်လာတော့မည်ကိုလည်း ဖော်ထုတ်ပြောဆိုခဲ့သည်။ ထိုသို့ ပြောဆိုချက်မှာ အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအတွက် အလွန်အရေးကြီးသော သတိပေးချက် လက္ခဏာများဖြစ်ပြီး ထိုသို့သော အစာရေစာ ခေါင်းပါးမှု ကပ်ဆိုးကြီးမှ ကာကွယ်ရန် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့သည် အရေးတကြီး အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ပြီး မြေပြင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရေးကို အာမခံပေးရန် လိုအပ်သည်။

"ကျနော်တို့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ကြားဝင်ဖြေရှင်းမှုတွေလုပ်ဆောင်ပြီး အသက်တွေ ကယ်တင်နိုင်အောင် ချက်ချင်း အရေးယူဆောင်ရွက်မှုတွေ လုပ်ဖို့ အကြိမ်ကြိမ် တောင်းဆိုခဲ့တယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းက မလှုပ်မယှက်ဖြစ်နေတာဟာ ကျူးလွန်မှုတွေကို အပြစ်ပေး အရေးယူခံရခြင်း မရှိဘဲ ဆက်လုပ်လုပ်ဆောင်ဖို့ စစ်တပ်ကို အားပေးနေသလို ဖြစ်စေတယ်။ အရေးယူဆောင်ရွက်ခြင်း မရှိမှုက ကြာလာတဲ့အခါ ဒီရာဇဝတ်သားတွေ ဆက်လက်ကျူးလွန်နေတဲ့ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတဲ့ တိုက်ခိုက်မှုတွေအပြင် မြေပြင်ပေါ်မှာ အခုစတင်ဖြစ်ပေါ်နေတဲ့ အစာရေစာ ရှားပါးမှုကို ရင်ဆိုင်နေရတဲ့ မြန်မာပြည်သူတွေရဲ့ ခံစားရမှုတွေကိုလည်း ပိုမို ဆိုးရွားစေမှာ ဖြစ်တယ်။" ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ နိုင်အဲမွန်က ပြောသည်။

ထိုအချက်များကို ထင်ဟပ်လျက် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) မှ ကိုတိန်ဦးက "ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းတဲ့ အချိန်က စလို့ ပျမ်းမျှအားဖြင့် တစ်နေ့ကို လူငါးယောက်နှုန်း မြန်မာစစ်တပ်က သတ်ဖြတ်နေတာဖြစ်တယ်။ အနည်းဆုံး အသက်ပေါင်း ၂၅၀ သေဆုံးခဲ့ပြီးဖြစ်တယ်။ အရေးယူမှု မရှိတဲ့ရက် တစ်ရက် ကျော်လွန်သွားတာနဲ့ စစ်တပ်ဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာနဲ့ ရဲရင့်စွာ ကာကွယ်နေကြတဲ့ လူငယ် အများစုပါဝင်တဲ့ အပြစ်မဲ့တဲ့ အသက်တွေကို ရက်စက်ပြီး လူမဆန်တဲ့ စစ်တပ်က သတ်ဖြတ်နေတာဖြစ်တယ်။ မြန်မာပြည်သူတွေ ရင်ဆိုင်ခံစားနေရတာတွေကို ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီအတိုင်းထိုင်ကြည့်နေလို့တော့ မဖြစ်ဘူး။" ဟု ပြောသည်။

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့ (PV)၊ khinohmar@progressive-voice.org
- နိုင်အဲမွန်၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း(HURFOM)၊ auemon@rehmonnya.org
- ကိုတိန်ဦး၊ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)၊ aasyc.ghq@gmail.com